


အတွဲ (၄) အမှတ် (၁) ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်



“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီးဖြစ်နိုင်သည့် လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း”

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက်



“ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အလှအပများကို လာရောက်လေ့လာခံစားကြသည့် ခရီးသွားများ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ဆွဲဆောင်ခြင်းအားဖြင့် မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်၊ အိမ်သာမှ ညှော်လာမည်ဖြစ်သည့်အတွက် ဒေသတွင်းသာယာလှပရေး၊ မျက်စိပသာဒဖြစ်ဖွယ် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများ ရရှိခံစားနိုင်ရေး၊ ဒေသထွက် စားသောက်ကုန်ပစ္စည်းများ အဆင့်မီကောင်းမွန်စေရေး၊ အဆင့်မီသည့် တည်းခိုနေထိုင်မှုစနစ်ရှိစေရေး ဖော်ဆောင်ပေးသွားရမည်ဖြစ်၊ စေတီပုထိုးများနှင့်ပတ်သက်၍လည်း ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာမြင်တွေ့ဖူးမြင်နိုင်ရေး စနစ်တကျစီမံထားရှိရန်လိုကြောင်း”

# မာတိကာ


- ❖ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် ။ ၁၊၃၊၄
- ❖ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက် ။ ၁
- ❖ ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များ နှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သွားကြရန်လိုအပ် ။ ၄-၅
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကြည့်ရှုစစ်ဆေး ။ ၅
- ❖ အာဆီယံခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ ။ ၅
- ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ ။ ၅-၆
- ❖ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လာမည့် ခရီးသွားရာသီကာလတွင် ပြည်တွင်း/ ပြည်ပခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးအတွက် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ ။ ၆-၇, ၇
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ ။ ၇
- ❖ ဧရာဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသ၏ လူမှုစီးပွားဘဝအထောက်အကူပြုမည် ။ ၇-၈
- ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ် ။ ၈
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက် ။ ၈-၉
- ❖ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ် ။ ၉
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ-တရုတ် ရက်သတ္တပတ် -၂၀၂၄ နှင့် ဆက်စပ်လေ့လာရေး ခရီးစဉ်များ ပါဝင်တက်ရောက် ။ ၉-၁၀
- ❖ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ – တရုတ် ရက်သတ္တပတ် ၂၀၂၄ သို့ ပါဝင် တက်ရောက် ။ ၁၀-၁၁
- ❖ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ။ ၁၁-၁၂
- ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် “တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ” သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ ။ ၁၂
- ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပုသိမ်ရုံးခွဲရှိ ဝန်ထမ်းများအား တွေ့ဆုံ ။ ၁၂-၁၃
- ❖ ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် ။ ၁၃
- ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tour Operator များနှင့် Tour Agency များပါဝင်သော ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါခဲ့သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် Business Matching အခမ်းအနားသို့ တက်ရောက် ။ ၁၃-၁၄
- ❖ မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အမှတ်တရသစ်ပင်စိုက်ပျိုးပွဲကျင်းပ ။ ၁၄
- ❖ ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး သင်တန်းဖွင့်ပွဲကျင်းပ ။ ၁၄
- ❖ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဝမ်ပုံ စံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်စစ်ဆေး ။ ၁၄-၁၅
- ❖ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်စစ်ဆေး ။ ၁၅
- ❖ မြန်မာ- လာအိုနယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက် ။ ၁၅
- ❖ မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး ။ ၁၅-၁၆
- ❖ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်းပြည်နယ်ခွဲ၊ မန်စီမြို့၊ ရွှေလီမြို့နှင့် လုံချွမ်းခရိုင်မြို့များသို့ လေ့လာရေးခရီးစဉ်သွားရောက် ။ ၁၆-၁၇
- ❖ လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှုနှင့် ပြည်ပဧည့်သည်လာရောက်မှုများ ။ ၁၇-၁၈
- ❖ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ။ ၁၈
- ❖ ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ ။ ၁၈

တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

- ❖ နေပြည်တော်ကောင်စီ ။ ၁၈-၁၉
- ❖ မကွေးတိုင်းဒေသကြီး ။ ၁၉-၂၀
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မင်္ဂလာ အဖြာဖြာ ဆုံဆည်းရာ လက်ဖက်ရည်ကြမ်း အနုပညာဖွင့်ပွဲ အခမ်းအနားတက်ရောက် ။ ၂၀


*********

**စာမျက်နှာ ၁ မှ အဆက်**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဇဟိုဌာန-၂) ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ယခုရက်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်အလိုက်ဆောင်ပုဒ်များသတ်မှတ်၍ ကျင်းပခဲ့ပြီး ယခုနှစ်အတွက် “ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး- Tourism and Peace” ဆိုသည့် ဆောင်ပုဒ်ဖြင့် ဂျော်ဂျီယာနိုင်ငံ၊ ထရီဗီလီဆီမြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက်ရှိကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် “ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization-UNWTO)” ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ၆ နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ ပါဝင်ကာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်ပြီး “ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)” ဟု အမည် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့် နိုင်ငံများ၊ လူမျိုးများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကို သိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံးလိုအပ်သည့် အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်အားလုံးစုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ အကြပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်နေကြသည်ကိုလည်းတွေ့ရကြောင်း။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ပေါင်းစည်းနေထိုင်ကြကြောင်း၊ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ မြင့်မားသည့်တောင်တန်းများ၊ ကျွန်းစုများနှင့် မြေဩဇာကောင်းသည့် လွင်ပြင်များကြွယ်ဝသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ပထမငါးလအတွင်း ငါးသိန်းကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှုပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီးဖြစ်နိုင်သည့် လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များ ကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရောပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန်တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်မည်ဖြစ်ခြင်းကြောင့် လက်ရှိဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနနှင့် ခရီးသွားအဖွဲ့အစည်းများအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်များကို ခရီးသွားဧည့်သည်များထံ အချိန်တိုတိုအတွင်း ထိထိရောက်ရောက်

သိရှိစေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး" ဟူသည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခရီးသွားလုပ်ငန်းကဏ္ဍဆောင်ရွက်သူတွေ အားလုံး နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး တက်ညီလက်ညီပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။




ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက်ပြခန်းများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့် ပြခန်းများ၊ ဝန်ကြီးဌာန အလိုက်ပြခန်းများနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန်များ နှစ်စဉ်ထုတ်ဝေနိုင်ရေး ကြိုတင်ပြင်ဆင်သွားကြရန် လိုအပ်

ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၃၁ ရက်နေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်း ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ဆွဲဆောင်မှုရှိပြီး သွားလာလည်ပတ်သင့်သော ခရီးစဉ်ဒေသလမ်းကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။




တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ခရီးသွားလုပ်ငန်း အခြေခံအဆောက်အဦကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူများကို ရှင်းလင်းချပြဆွေးနွေးနိုင်သည့် Tourism Investment Forum များ ပြုလုပ်ရန် လိုအပ်ကြောင်း၊ ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ပွဲတော်ပြက္ခဒိန် (Event Calendar) များကို နှစ်စဉ်ထုတ်ဝေ နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီမှ ဆုံးဖြတ်ပေးရမည့် အမှာစာများကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှုနှင့် ခရီးသွားဧည့်သည် ဝင်ရောက်မှု၊ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဈေးကွက်မြှင့်တင်ရေး၊ ဟိုတယ်နှင့်

ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် အောက်တိုဘာ ၁၀ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ်၌ ဖွင့်လှစ်ထားသော MHTi ဟိုတယ်နှင့်ခရီးသွားလာရေးသင်တန်းကျောင်း (MHTi– M Hospitality & Tourism Institute) သို့လည်းကောင်း၊ ဗဟန်းမြို့နယ်၌ Yangon Global Enterprise က ဖွင့်လှစ်ထားသော YGE Training Center သို့လည်းကောင်း သွားရောက်၍ သင်တန်းကျောင်းအတွင်း သင်တန်းသားများအား စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ သင်ကြားပို့ချနိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ စနစ်တကျမွေးထုတ်ပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ နိုင်ငံတကာသုံး ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ သင်တန်းကျောင်းများမှ ထွက်ရှိသော ထုတ်ကုန်များအား ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ စင်္ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI)သို့ ရောက်ရှိပြီး သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ဆိုင်ရာ သက်မွေးသင်တန်းများ၊ သင်တန်းသားများအတွက် စာသင်ဆောင်နှင့် စာသင်ခန်းများ စီစဉ်ထားရှိမှု အခြေအနေများကို မေးမြန်းကာ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်ဆိုင်ရာများ သင်ကြားပို့ချရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## အာဆီယံခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

(၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေး ကော်မတီအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေးကော်မတီအစည်းအဝေး၊ (၃၂)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီအစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေး ကော်မတီအစည်းအဝေးများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။




အဆိုပါအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်၍ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်တိုးတက်ဝင်ရောက်လာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအားကောင်းစေသည့်အပြင် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်ရာတွင်လည်းအရေးပါကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံများရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်သာမက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်မှုစံသတ်မှတ်ချက်များ၊ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်များလည်း ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး (၁၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေးကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်း ကော်မတီ အစည်းအဝေးများသို့ ပါဝင်တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့မှ စတင်ကာ အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့က (၃၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်း

ခန်းမ၌ ဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးတို့ တက်ရောက်ကြပါသည်။ အဆိုပါ အခမ်းအနားသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့် အရာရှိကြီးများ၊ နယ်ရုံးခွဲ တာဝန်ခံများ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာ နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ဟိုတယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများက အွန်လိုင်း၊ In Person စနစ်ဖြင့် ပါဝင်တက်ရောက်ကြပါသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့် အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာန စတင်ဖွဲ့စည်းခဲ့စဉ်မှ ယခု (၃၂)နှစ်တာ ကာလအထိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော် အတွက် အကျိုးပြုလုပ်ငန်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ခရီးသွား လုပ်ငန်းများ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနအား ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်း၍ ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက်သာမက ပြည်ပခရီးသွားဈေးကွက်များရရှိစေရန် မူဝါဒများ၊ ရည်ရွယ် ချက်များ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊

ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ဂုဏ်ဆောင်နိုင်သော အရည်အသွေး ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ထမ်းရွက် နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်ရသည့် ရည်ရွယ် ချက်များ၊ ဝန်ကြီးဌာနမှ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် ခဲ့မှုအခြေအနေများ၊ ဝန်ကြီးဌာနကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့မှုအခြေအနေ များ၊ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကျင်းပပြုလုပ် သော အားကစားပြိုင်ပွဲများနှင့် လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မဟာသင်္ကြန် ပွဲတော်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော အသင်းအဖွဲ့များအား လည်း ကောင်း၊ ဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ပံ့ပိုးကူညီဆောင် ရွက်ပေးခဲ့သော သင်တန်းကျောင်းများအားလည်းကောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် အကောင်းဆုံးပြခန်းဆု ရရှိသူများအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များကို အသီးသီးပေးအပ် ချီးမြှင့်ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် တက်ရောက် ခဲ့သော ထူးချွန်ဝန်ထမ်းများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပ ပြုလုပ်သော အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပါသည်။

ဆက်လက်၍ ဝန်ကြီးဌာန၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီး များက ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ စားသုံးကြပြီး ယင်းအစီအစဉ်အား နယ်ရုံးခွဲများတွင်လည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းနောက် နယ်ရုံးခွဲများမှ ဝန်ထမ်းများအပါ ကံစမ်းမဲဖောက်ပေးခြင်းအစီအစဉ်ကို ပြုလုပ်ပေးကာ ကံစမ်းမဲပေါက်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဝန်ကြီးဌာန၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးဌာနတွင်း စားပွဲတင်တင်းနစ်၊ ထုတ်စည်းထိုး၊ လွန်ဆွဲ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘောလုံး အားကစား ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

## ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လာမည့် ခရီးသွားရာသီကာလတွင် ပြည်တွင်း/ ပြည်ပခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးအတွက် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရီးစဉ်ဒေသ များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးစဉ်ဒေသများသို့ လာမည့်ခရီးသွား ရာသီကာလအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ် စေရန် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် သွားလာလည်ပတ်မှုအဆင်ပြေ စေရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့် ခရီးသွားရာသီ ကာလတွင် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ ပြည်ပ ခရီးသွားများ အဆင်ပြေချောမွေ့စွာ ပိုမိုလာရောက်လည် ပတ်ကြစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်နှင့်ခရီး သွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့်ပူးပေါင်း၍ ခရီးစဉ်ဒေသစီမံ ခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဒေသရှိ ခရီးစဉ်များကို ဘေးကင်းလုံခြုံစွာ လည်ပတ်နိုင်ကြောင်း ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့ အစည်းများက သိရှိရန်လိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားသဖြင့် ဝန်ကြီးဌာနရှိ

ရုံးချုပ်နှင့် နယ်ရုံးခွဲများက ဝန်ထမ်းများ အားလုံးဟန်ချက်ညီစွာ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ခေတ်နှင့်အညီ နည်းပညာရပ်များအသုံးချ၍ မြှင့်တင်ကြော်ငြာဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လာမည့်ခရီးသွားရာသီကာလအတွင်း ခရီးသွားများသွားလာလည်ပတ်မှု အဆင်ပြေစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြှင့်တင်ကြော်ငြာဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Prabashini Ponnamperuma အား စက်တင်ဘာ ၂၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ အပြန်အလှန် လည်ပတ်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် နှစ်နိုင်ငံခရီးစဉ်ဒေသများသို့ လေကြောင်းလိုင်းများတိုက်ရိုက်ပျံသန်းပြေးဆွဲရေး၊ မြန်မာ- အိန္ဒိယ- သီရိလင်္ကာ- နီပေါ Buddhist Circuit ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ အကောင်အထည်ဖော်ရေး၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (MoU) ကို ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံအစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန်အတွက် အွန်လိုင်းအစည်းအဝေးများ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## ဧရာဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသ၏ လူမှုစီးပွားဘဝ အထောက်အကူပြုမည်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် စက်တင်ဘာ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအနက် ဧရာဝတီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝအလှအပများ၊ သာယာလှပသည့်ကမ်းခြေများ၊ ဒီရေတောများ၊ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ဒေသထွက်အစားအသောက်များနှင့် ဒေသထွက်ကုန်ပစ္စည်းများစသည့် ခရီးသွားဆွဲဆောင်မှုများစွာရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီးဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယခုဖိုရမ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များ၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပြီး ရရှိလာမည့်ရလဒ်များကို အခြေခံ၍ ကာလတိုကာလရှည် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ခင်းကျင်းပြသထားသည့် ဒေသထွက် လက်မှုပစ္စည်းများနှင့် ဒေသထွက်အစားအစာများအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါဖိုရမ်တွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသခံပြည်သူများ လူမှုအကျိုးစီးပွားတိုးတက်ရေး၊ ကမ်းခြေခရီးသွားလုပ်ငန်းများ ပွင့်လင်းရာသီအမီ ကြိုတင်ပြင်ဆင်မှုများ၊ ခရီးစဉ်ဒေသများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် ရောဝတီတိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုပွဲတော်၊ ဘုရားပွဲတော်များနှင့် ခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေးစသည့် ခေါင်းစဉ်ငါးခုဖြင့် အဖွဲ့ငါးဖွဲ့ခွဲ၍ စကားဝိုင်းဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူထားသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၍ နှစ်ပေါင်း (၁၅၂) နှစ် သက်တမ်းရှိပြီး ရှေးဟောင်းအဆောက်အဦအဖြစ် သတ်မှတ်ထားသည့် ကာတိုလိပ်စ်ခရစ်ယာန် ဘုရားရှိခိုးကျောင်းကိုလည်းကောင်း၊ ခရီးသည်များ အပန်းဖြေလည်ပတ်နိုင်ရန် ပြုလုပ်ထားသည့် ငဝန်မြစ်ကမ်းဘေး အနားယူအပန်းဖြေနေရာနှင့် ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကန်သုံးဆင့်ပန်းခြံ အဆင့်မြှင့်တင် ဆောင်ရွက်နေသည့် စီမံကိန်းနေရာသို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်




မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားမြှင့်တင်မှုအပါအဝင် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို (၃၀-၇-၂၀၂၄) ရက်နေ့က နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နီလာခန်းမ၌ ကျင်းပပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အမှာစကားပြောကြားပါသည်။ အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ယခင်ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့မှုများကိုအခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းနှင့် လုပ်ငန်းစဉ်များကို ယနေ့တက်ရောက်လာကြသူများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားပါသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသော အဖွဲ့အလိုက် အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးရရှိမှုများနှင့် ဖွဲ့စည်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ဩဂုတ် ၂၃ ရက်နေ့ နံနက်ပိုင်းက ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆွေးနွေးပွဲ (Seminar on Making Tourism More Sustainable in Cultural Heritage Destinations in the Post Pandemic) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E Ms. Ma Jia၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းအပြင် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေမှ စီမံကိန်းသုံးခုကို ရရှိထားခဲ့ပြီးဖြစ်ပါကြောင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများကို

ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြုံတွေ့လျက်ရှိသည့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံကောင်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းများ ကြံ့ကြံ့ခံနိုင်ရေးအတွက် ရေရှည်တည်တံ့သော ခရီးသွားမူဝါဒနှင့် စီမံကိန်းများရေးဆွဲခြင်း၊ ခရီးစဉ်ဒေသများ စီမံခန့်ခွဲမှု၊ ခရီးသည်စီမံခန့်ခွဲမှု၊ မဟာဗျူဟာမြောက် ဈေးကွက်ရှာဖွေခြင်း၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများတွင် လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲခြင်း စသည့် မဟာဗျူဟာများနှင့် အလေ့အကျင့်ကောင်းများကို မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများအနေဖြင့် အခက်အခဲနှင့် အကျပ်အတည်းများ များစွာ ကြုံတွေ့ခဲ့ရပြီး ကိုဗစ်-၁၉ အလွန်ကာလများတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရာ၌ နည်းလမ်းအသစ်များ ပြန်လည်စဉ်းစား ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ရာ ယခုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင်လည်း ခရီးသွားလုပ်ငန်းများဖြင့် ပိုမိုရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပပြုလုပ်၍ မဲခေါင်နိုင်ငံများ၏ အလေ့အကျင့်ကောင်းများနှင့် ဆောင်ရွက်နေမှုများကို အပြန်အလှန်မျှဝေရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E Ms. Ma Jia က ဂုဏ်ပြုအမှာစကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးရုံးအဖွဲ့ (မြန်မာ) မှ ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မဲခေါင် - လန်ချန်းနိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာသူများက ခရီးသွားလုပ်ငန်းဖြင့် ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ မျှဝေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများ မြှင့်တင်ခြင်း ကိစ္စရပ်များကို အပိုင်းသုံးပိုင်းခွဲ၍ စကားဝိုင်းဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E Ms. Ma Jia ကို ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မှုအခြေအနေများ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအချင်းချင်း မြန်မာနိုင်ငံရှိ ပုဂံမြို့ကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မြို့များကို ညီအမမြို့တော်များ (Sister Cities) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာတို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနပိုင် ဟိုတယ်များနှင့် တုရင်တောင်ခြေရှိ Tuyin Villa Eco Farm အပန်းဖြေစခန်း အကောင်အထည် ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ကိုဗစ်အလွန်ကာလယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြရာ ညစာစားပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

ဩဂုတ် ၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုတယ်ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အသင်းအဖွဲ့များ၊ Bagan Plastic Campaign အဖွဲ့နှင့်အတူ အားလုံးပူးပေါင်းပါဝင်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရန်နှင့် အမှိုက်သရိုက်ကင်းစင်ပပျောက်စေရန် ရည်ရွယ်၍ သီရိပစ္စယာဟိုတယ်လမ်းဆုံမှ စတင်၍ မနူဟာဘုရားအထိ စုပေါင်းအမှိုက်ကောက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုအားပေးသည်။ အဆိုပါ Bagan Plastic Campaign အဖွဲ့သည် အပတ်စဉ် စနေနေ့ နံနက်တိုင်း စုပေါင်းအမှိုက်ကောက်လျက်ရှိပါသည်။

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိပါသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ပေးအပ်လှူဒါန်းသည့် ငွေကျပ်ခြောက်ဆယ့်နှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ခဲ့ပါသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံ-တရုတ် ရက်သတ္တပတ် -၂၀၂၄ နှင့် ဆက်စပ်လေ့လာရေး ခရီးစဉ်များ ပါဝင်တက်ရောက်

အာဆီယံ-တရုတ်စင်တာနှင့် ရှန်းရှီးပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပသည့် အာဆီယံ-တရုတ် ရက်သတ္တပတ်-၂၀၂၄ နှင့်ဆက်စပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ်အတွင်းရှိ ထင်ရှားသော ခရီးစဉ်ဒေသများနှင့် စီးပွားရေး

လုပ်ငန်းများ လေ့လာရေးခရီးစဉ်ကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ဆက်လက်ပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ဩဂုတ် ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ချန်းကျီးမြို့နယ်တွင် ၂၀၁၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် တုန်းတိအန်းရှာ (Tongtianxia) သဘာဝအလှရှုခင်းနေရာသို့သွားရောက်၍ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအတွက် တောင်ခြေမြစ်ကမ်းဘေးလမ်းလျှောက်ခြင်း၊ ရေတံခွန်နှင့်မြစ်အတွင်းလှေစီးခြင်း၊ ကေဘယ်လ်ကားဖြင့် တောင်တက်ခြင်း၊ မှန်လျှောက်လမ်းဖြင့် တောင်ခါးပန်းအတိုင်း လမ်းလျှောက်ခြင်းနှင့် တုန်းတိအန်းရှာတောင်တန်း ပတ်ဝန်းကျင်သဘာဝ အလှအပများကို ကြည့်ရှုခံစားနိုင်သည့် View Point နေရာများ ဖန်တီးပြုလုပ်ထားမှု အခြေအနေများကို လေ့လာကြည့်ရှုသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကောင်းကဲဟွာယဲ့အုပ်စု (Gaoke Huaye Group) စက်ရုံ မှ LED များ အလိုအလျောက်စနစ်ဖြင့် ပုံစံဒီဇိုင်းမျိုးစုံ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ချိန်ကုန်းကား ထုတ်လုပ်သည့်စက်ရုံ (Chenggong Automobile) မှ Victory အမှတ်တံဆိပ်ဖြင့် မော်တော်ကားများ ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ညနေပိုင်းတွင် ချန်းကျီးအမျိုးသားစိမ့်စမ်းမြေဥယျာဉ်တွင် ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်များ စီစဉ်ထားရှိမှု အခြေအနေများကိုလည်းကောင်း လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၄ ရက်တွင် ချန်းကျီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ရှန်းရှီးပြည်နယ်၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်သော ဖျင်ယောင် (Pingyao) ရှေးဟောင်းမြို့ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေမှု၊ မြို့ရိုးတစ်လျှောက်နှင့် ရှေးဟောင်းမြို့အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် သက်ဝင်လှုပ်ရှားမှုရှိသည့် ယဉ်ကျေးမှုများ (living cultures) ဖြင့် ကမ္ဘာ့အမွေအနှစ်တစ်ခုကို ခရီးသွားလုပ်ငန်းအတွက် အဓိကအရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနေမှု၊ တရုတ်နိုင်ငံတွင် ထူးချွန်ထက်မြက်သူများအား ကွန်ဖြူးရှပ်ဘုရားကျောင်းတွင် ရွေးချယ်လေ့ကျင့် သင်ကြားပေးခဲ့မှုများနှင့် ကွန်ဖြူးရှပ်ဘုရားကျောင်းသို့ ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်ထားမှု၊ ၁၉ရာစုနှင့် ၂၀ ရာစု အစောပိုင်းတွင် တရုတ်နိုင်ငံ၏ ဘဏ်နှင့်ငွေကြေးကဏ္ဍ၌ ဖျင်ယောင်ရှေးဟောင်းမြို့မှ ဘဏ်လုပ်ငန်းကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့မှု၊ ဖျင်ယောင်ရှေးဟောင်းမြို့၏ ထင်ရှားသော လက်မှုအနုပညာဖြစ်သည့် ယွန်းထည်ပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ယွန်းထည်ပြတိုက်နှင့် ခင်းကျင်းပြသရောင်းချနေမှုများကို လေ့လာခဲ့သည်။

ညနေပိုင်းတွင် ရှန်းရှီးပြည်နယ်၏ သမိုင်းနှင့်ယဉ်ကျေးမှုကို ပိုမိုနားလည်သဘောပေါက်စေနိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရည်ရွယ်ပြသသည့် ယဉ်ကျေးမှုကပြဖျော်ဖြေပွဲသို့ ပါဝင်ကြည့်ရှုသည်။

ဩဂုတ် ၁၅ ရက်တွင် ဖျင်ယောင်းမြို့မှ ထိုက်ရွမ်မြို့သို့ ထွက်ခွာခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ချောင် (Qiao) မိသားစုက အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ချောင်မိသားစုများ၏ လူနေမှုစနစ်နှင့် နေအိမ်များသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ လာရောက်လေ့လာလည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ ဟုန်းဟိုင်(Honghai) ဖန်လုပ်ငန်းမှ မိရိုးဖလာနည်းစနစ်မှ ခေတ်မီဆန်းသစ်သော နည်းစနစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ခေတ်မီလှပစွာ ထုတ်လုပ်နေမှုအဆင့်အဆင့်၊ ဖန်ပစ္စည်းပြခန်းဖွင့်လှစ်ပြသမှုနှင့် ရောင်းချနေမှုများကိုလည်းကောင်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ သုန်းဟူဗနီဂါဥယျာဉ် (Donghu Venegar Park) မှ ထိုက်ရွမ်ဒေသထွက် ကောက်ပဲသီးနှံများဖြင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော ဗနီဂါ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် အစားအသောက် ချက်ပြုတ်ခြင်းတို့ကို လေ့လာကြည့်ရှုသည်။

ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံထိုက်ရွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ - တရုတ် ရက်သတ္တပတ် ၂၀၂၄ သို့ ပါဝင်တက်ရောက်




အာဆီယံ-တရုတ်ရက်သတ္တပတ်-၂၀၂၄ (ASEAN China Week) ကို အာဆီယံ-တရုတ်ဘက်စုံမဟာဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှု- ဆန်းသစ်တီထွင်မှုများဖြင့် ကြွယ်ဝချမ်းသာခြင်းဆီသို့ (ASEAN-China Comprehensive Strategic Partnership: Achieving Prosperity through Innovation) ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ် ချန်ကျိုမြို့ ချန်ကျိုဘင်ဟု ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းစင်တာ (Changzhi Binhu Cultural and Tourism Services Center) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၁ ရက်တွင် အာဆီယံ - တရုတ်စင်တာမှ အတွင်းရေးမှူးချုပ် မစ္စတာရှီကျုံးကျွင့်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးနှင့် တရုတ်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအကြောင်းများ ပိုမိုသိရှိရေးအတွက် ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရှန်းရှီးပြည်နယ်အစိုးရခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးပွဲသို့ ဆက်လက်တက်

ရောက်ခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ အာဆီယံ-တရုတ် ရက်သတ္တပတ်အစီအစဉ်နှင့် ပူးတွဲကျင်းပပြုလုပ်သည့် အာဆီယံ-တရုတ် ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပြခန်းများ ခင်းကျင်း ပြသနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး ညနေပိုင်းတွင် ရှန်းရှီးပြည်နယ် အစိုးရက တည်ခင်းကြိုဆိုဧည့်ခံသော ညစာစားပွဲသို့ ပါဝင်တက်ရောက် ခဲ့သည်။

ဩဂုတ် ၁၂ရက်တွင် အာဆီယံ-တရုတ် ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနား ကို ကျင်းပပြုလုပ်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CPC ရှန်းရှီးပြည် နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ရှန်းရှီးပြည်နယ် မြို့တော်ဝန် မစ္စတာ ကျင်းရှန်းကျွင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံ ဖြစ်သည့် လာအို နိုင်ငံမှ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Khanbay Damlath၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ် ခေါင်းဆောင် များ၊ အာဆီယံ - တရုတ်စင်တာမှ အတွင်းရေးမှူးချုပ် မစ္စတာ ရှီကျုံးကျွင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အဆင်မြင့်ကိုယ်စားလှယ် များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စား လှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးသံမှူးများ၊ ကျောင်းသား လူငယ်များ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ သတင်းမီဒီယာများ ပါဝင် တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပါဝင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုး တိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုများ အပြန်အလှန် ရရှိနိုင်ပါကြောင်း၊ ထို့အပြင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြား ပြည်သူအချင်းချင်း ယဉ်ကျေးမှုများနှင့် ဆက်သွယ်သွားလာမှုများ အပြန်အလှန်တိုးမြှင့်ခြင်းဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအပြင် ပြည်သူများအချင်းချင်း ချစ်ကြည် ရင်းနှီးမှုများနှင့် အပြန်အလှန်နားလည်မှု များ ပိုမိုတိုးတက်လာနိုင်ပါကြောင်း၊ ထို့မှတစ်ဆင့် ဒေသတွင်းခရီးသွား လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြန်လည်အကျိုးပြုနိုင်မည်ဖြစ်ပါ ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အစီအစဉ်ဒုတိယပိုင်းအဖြစ် အာဆီယံ- တရုတ် နိုင်ငံအကြား အရည်အသွေးပြည့်ဝသော ထုတ်လုပ်မှုများကို တွန်းအားပေး ရေး၊ ဒေသတွင်းကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာနှင့် တီထွင် ဖန်တီးမှုများ တိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အတွက် “အာဆီယံ-တရုတ် သွင်းကုန်ထုတ်ကုန်ဝန်ဆောင်မှု ပလက်ဖောင်း” ဖွင့်လှစ်ခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဗီဒီယိုပြသခြင်း၊ အာဆီယံ- တရုတ် စင်တာ၏ အမှတ်တံဆိပ် လာဘ်ကောင်ဖန်တီးမှုဆုများ ချီးမြှင့်ခြင်းနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းအစီအစဉ်များသို့ ပါဝင်တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လူငယ်ဖွံ့ဖြိုး တိုးတက်မှု အပြန်အလှန်မျှဝေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက် ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် အာဆီယံနှင့် တရုတ်နိုင်ငံ အကြား ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှုများတွင် ခရီးသွားကဏ္ဍမှ ကြားခံအဖြစ် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ဆွေးနွေးပြောကြား ခဲ့သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သံရုံးများမှ စီးပွားရေးဆိုင်ရာ အရာရှိများ၊ သံမှူးများက မိမိတို့၏ နိုင်ငံများ အလိုက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများကို ပါဝင် ဆွေးနွေးခဲ့ရာ မြန်မာသံရုံးပေကျင်းမြို့ရှိ စီးပွားရေးသံမှူး ဒေါ်သင်းသင်းအောင် က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာ၌ ရရှိနိုင်မည့် ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ မြေနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကျိုး ခံစားခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံတွင် ဗီဒီယိုများ လွှင့်တင်ကြော်ငြာသော ဝက်(ဘ်)ဆိုဒ်မီဒီယာပလက်ဖောင်းတစ်ခုဖြစ်သည့် ဘီလီဘီလီ (bilibili) မှ ကိုယ်စားလှယ်နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗီဒီယိုများကို ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီး သွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည် များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ညပိုင်းတွင် အာဆီယံ- တရုတ် ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် တေးဂီတဖျော်ဖြေပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်အားပေးခဲ့သည်။

အာဆီယံ-တရုတ် ရက်သတ္တပတ်အစီအစဉ်နှင့် ပူးတွဲကျင်းပပြုလုပ်သည့် အာဆီယံ-တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းများတွင် မြန်မာနိုင်ငံမှ အထင်ကရခရီးစဉ် ဒေသများနှင့် ယဉ်ကျေးမှုအနုပညာများ၊ ယွန်းထည်ပစ္စည်းများနှင့် တရုတ်ဘာသာဖြင့် ရေးသားထားသော ခရီးသွား လုပ်ငန်းမြှင့်တင်ရေးလက်ကမ်းစာစောင်များကို ပါဝင်ပြသခဲ့ပါသည်။

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အဆင့်မြင့်အရာရှိကြီး များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက

အမျိုးသားရေးဇာတိဂုဏ်မြင့်မားရေးနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကိုဦးတည်၍ ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက်နှင့် ၂၀၂၃ ခုနှစ်တွင် (၂၄) ကြိမ်မြောက်ပြိုင်ပွဲများကို ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ကို ထူးခြားသည့် အစီအစဉ်များဖြင့် ကျင်းပသွားမည်ဟု သိရပါကြောင်း၊ ဆပ်ကော်မတီဝင်များအနေဖြင့်လည်း ယခင်နှစ်က လုပ်ငန်းအတွေ့အကြုံများပေါ် မူတည်၍ ယခုနှစ်တွင် ချို့ယွင်းအားနည်းချက်မရှိအောင် ဆောင်ရွက်ကြရန်၊ ကျွေးမွေးဧည့်ခံရာ၌လည်း အစားအသောက်များ လုံလောက်စေရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ကျွေးမွေးရေးနှင့် အစားအသောက်များကြောင့် ပြိုင်ပွဲကျင်းပမှုများ အခက်အခဲမရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ မိမိတို့ဆပ်ကော်မတီ၏ လုပ်ငန်းများကို ဆပ်ကော်မတီဝင်အားလုံး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ချက်၊ မူဝါဒဆုံးဖြတ်မှု ခံယူရန်၊ လိုအပ်ချက်များကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဧည့်ခံကျွေးမွေးရေးနှင့် ပတ်သက်၍ ယခင်နှစ် ဆောင်ရွက်ခဲ့မှုများ၏ အားနည်းချက်၊ အားသာချက်များနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့်ကိစ္စများ၊ ကျွေးမွေးဧည့်ခံရေးဆောင်ရွက်မည့် ဝန်ထမ်းများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဝတ်စားဆင်ယင်မှုကိစ္စများ၊ အစားအစာများ သန့်ရှင်းစင်ကြယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရ ပြည့်ဝစွာ ကျွေးမွေးရေး၊ လုံခြုံရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အသုံးစရိတ်များ သုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက ယခင်ပြိုင်ပွဲများ၌ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် "တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK–2 သင်တန်းများ" သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခဲ့သည့် တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK–2 သင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တက်ရောက်အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာမများ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Confencing စနစ်ဖြင့် Online မှ ပါဝင်တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ "တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK–2 သင်တန်း" တွင် တက်ရောက် သင်ကြားနေသော ဝန်ကြီးဌာနမှ သင်တန်းသား/ သင်တန်းသူများအနေဖြင့် တရုတ်ဘာသာစကား ကျွမ်းကျင်မှုများ တိုးတက်လာစေရန်၊ တရုတ်လူမျိုးများ၏ ယဉ်ကျေးမှုကို ပိုမိုနားလည်ပြီး တရုတ်ခရီးသွားဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် နောင်အနာဂတ်မှာ ဆောင်ရွက်မည့် တရုတ်–မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် ဘာသာစကားကျွမ်းကျင်သူများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊

သင်တန်းသား/ သင်တန်းသူများအနေဖြင့် တရုတ်ဘာသာစကားကို သင်ကြားခြင်းမှတစ်ဆင့် တရုတ်လူမျိုးတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များကိုပါ တစ်စိတ်တစ်ပိုင်း နားလည်သိရှိသွားကြမည်ဖြစ်ပါကြောင်း၊ တရုတ်လူမျိုးခရီးသွားများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုနှင့် ခရီးစဉ်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးဖြန့်ဝေပေးခြင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးပုံရိပ်ကို မြှင့်တင်ပြီး စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းလေ့လာကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ မန္တလေးမြို့၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကား သင်တန်းကျောင်း တာဝန်ခံ ကျောင်းအုပ်ကြီးမှ တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK–2 သင်တန်း ဖွင့်လှစ်သင်ကြားခဲ့မှု အခြေအနေများနှင့် သင်တန်းထပ်မံဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်း တာဝန်ခံ ကျောင်းအုပ်ကြီးအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ သင်တန်းမှ ထူးချွန်ဆုရ သင်တန်းသား/သူများကို ဆုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပုသိမ်ရုံးခွဲရှိ ဝန်ထမ်းများအား တွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် အောက်တိုဘာ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက AZURA RESORT HOTEL ၌ ချောင်းသာညဈေးတန်း ဖွင့်လှစ်ရန် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ ဒေသထွက် အစားအစာများ၊

လွယ်ကူအဆင်ပြေစွာ စားသောက်၊ ဝယ်ယူနိုင်ရေးနှင့် အမှတ်တရပစ္စည်းများ ရောင်းချနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဟိုတယ်များ၌ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုသိမ်ရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ချောင်းသာကမ်းခြေဒေသ ခရီးသွားလုပ်ငန်း စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြား၍ ပုသိမ်ရုံးခွဲ ရုံးသစ်အဆောက်အဦဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး ဘုရားဖူးခရီးသွားများအတွက် ဝန်ဆောင်မှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် အောက်တိုဘာ ၂၈ ရက်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံကမ်းခြေဒေသ Sea & Lake အပန်းဖြေစခန်းသို့ ရောက်ရှိပြီး ဒီရေတောစိုက်ခင်းများကို စနစ်တကျထိန်းသိမ်း၍ ခရီးသွားဆွဲဆောင်မှုတစ်ခုအနေဖြင့် စီစဉ်ဆောင်ရွက်ထားမှု၊ ကျောက်စိမ်းပြတိုက်နှင့် သစ်သားပန်းပုပြတိုက်များ ခင်းကျင်းပြသထားမှု၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် စွန့်စားအားကစားခရီးသွားလုပ်ငန်း အစီအစဉ်များဖြစ်သည့် Zip Lining၊ Wall Climbing၊ Quick Jump အစရှိသည့် အားကစားနည်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာရုံးခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချောင်းသာကမ်းခြေခရီးစဉ်ဒေသ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး ဌာနပိုင် အဆောက်အအုံများနှင့် တည်ဆောက်ဆဲ ဟိုတယ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ချောင်းသာကမ်းခြေဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ချောင်းသာကမ်းခြေဒေသ Azura Beach ဟိုတယ်၌တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ချောင်းသာကမ်းခြေဒေသသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအခြေအနေနှင့် ဝန်ဆောင်မှုပေးနေမှုများ၊ ကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tour Operator များနှင့် Tour Agency များပါဝင်သော ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါခဲ့သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် Business Matching အခမ်းအနားသို့ တက်ရောက်




မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Tour Operator များနှင့် Tour Agency များပါဝင်သော ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် Business Matching အခမ်းအနားကို အောက်တိုဘာ ၂၅ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ လေကြောင်းလိုင်းများနှင့် ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဓိကခရီးစဉ်ဒေသများအကြား အချိန်တိုတိုအတွင်း သွားရောက်လည်ပတ်နိုင်စေရန်၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသများနှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်ပြီး ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးအသွားအပြန် လေကြောင်းခရီးစဉ်ကို ပြီးခဲ့သည့် အောက်တိုဘာ ၁၃ ရက်မှစတင်၍ ပျံသန်းပြေးဆွဲနေကြောင်း၊ နိုင်ငံတော်က သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် ရုရှားခရီးသွားဧည့်သည်များအတွက် ဗီဇာကင်းလွတ်ခွင့်ကို တစ်နှစ်ထပ်မံခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ ရုရှားခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖလှယ်ရေးခရီးလမ်းကြောင်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က အမှာစကားပြောကြားကြပြီး ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်တွင် လိုက်ပါလာသည့် ကိုယ်စားလှယ်တစ်ဦးက ခရီးစဉ်အတွင်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းကာ မြန်မာနိုင်ငံသို့ ပိုမိုအဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် သိရှိလိုသည့် အချက်အလက်ကို မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ

ခရီးသွားကုမ္ပဏီများနှင့် မြန်မာနိုင်ငံမှ ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ တွေ့ဆုံကာ Business Matching အစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

## မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အမှတ်တရ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



မြန်မာ-ရုရှားခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip– FAM Trip) တွင် လိုက်ပါလာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများနှင့် ခရီးသွားအေဂျင်စီများမှ ကိုယ်စားလှယ်များ အမှတ်တရသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စိုက်ပျိုးပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ-ရုရှားခရီးသွားလုပ်ငန်း မြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များအား ဝန်ကြီးဌာန၏ နီလာအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ မကြာမီကာလတွင် ခရီးသွားရာသီရောက်ရှိလာတော့မည်ဖြစ်၍ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ရုရှားနိုင်ငံရှိ လူမှုကွန်ရက်စာမျက်နှာများတွင်သာမက လူသိများသော သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဖော်ပြပေးစေလိုကြောင်း၊ နှစ်နိုင်ငံအကြားအားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းဆိုင်ရာလှုပ်ရှားမှုများတွင် ကျွမ်းကျင်ပညာရှင်များနှင့် သတင်းအချက်အလက်များ ဖလှယ်လိုကြောင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့ပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူနှင့် Space Travel Agency မှ တာဝန်ရှိသူများက နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားနိုင်ငံ၏ ဆောင်းရာသီကာလတွင် ရုရှားအားကစားသမားများ မြန်မာနိုင်ငံ၌ ရက်ရှည်လာရောက်တည်းခိုနေထိုင်၍ လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ၊ ရုရှားခရီးသွားဧည့်သည်များ ငွေပေးချေမှုနှင့်စပ်လျဉ်း၍ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်အာမခံထားရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

## ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး သင်တန်းဖွင့်ပွဲကျင်းပ



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၃) အထောက်အပံ့ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်နေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂံဒေသရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက ယခုသင်တန်းသည် ဩဂုတ်လ ၂၃ ရက်က မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ကျင်းပခဲ့သည့် ကိုဗစ်အလွန်ကာလယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲ၏ ဆွေးနွေးချက်များကို အခြေခံ၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဝမ်ပုံ စံပြကျေးရွာအနီးရှိ ဝမ်ပုံ အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်စစ်ဆေး

ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ဩဂုတ် ၂၀ ရက်နေ့ နံနက်ပိုင်းက ဝမ်ပုံ စံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်ကာ မြန်မာ-လာအို-ထိုင်း (၃)နိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် သွားရောက်၍ မြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းခရီးသွားဧည့်သည်များ သွားရောက်အပန်းဖြေလည်ပတ်နိုင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာ-လာအို- ထိုင်း(၃)နိုင်ငံ နယ်စပ်တစ်လျှောက် အပျော်စီးမြစ်ကြောင်းလေ့လာရေးခရီးစဉ်များ ဖော်ထုတ်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။



ဆက်လက်၍ Golden Triangle Paradise Resort ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝင်းအတွင်း မဲခေါင်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုမဖြစ်စေရေး မြေထိန်းနံရံ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ-လာအိုနယ်နိမိတ်မြစ်၊ မဲခေါင်မြစ်၏ မြန်မာဘက်ကမ်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွားရောက်စစ်ဆေး




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဩဂုတ် ၁၉ ရက်နေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေး တံတားသို့သွားရောက်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံအဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်/ထွက်သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားပေါ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကာ မြန်မာနိုင်ငံသို့လာရောက် လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲသို့ သွားရောက်ကာ ရုံးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြရန်၊ ထို့ပြင် ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ရုံသာမက ဘာသာစကား၊ နည်းပညာနှင့်ခေတ်နှင့်လျော်ညီသည့် စွမ်းဆောင်ရည်များ ပြည့်ဝရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံ့အကျိုးကိုသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် စဉ်ဆက်မပြတ်ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

## မြန်မာ - လာအိုနယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ဩဂုတ် ၁၉ ရက်နေ့ မွန်းလွဲပိုင်းက လာအို-မြန်မာချစ်ကြည်ရေးတံတားသို့ ရောက်ရှိကာ မြန်မာ- လာအိုနယ်စပ်ဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လာအို-မြန်မာ ချစ်ကြည်ရေးတံတားအနီးရှိ ကျိုင်းလပ်ကုန်သွယ်ရေးစခန်း၌ ကျိုင်းလတ်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ကုန်သွယ်ရေးစခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဒေသခံများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ပေးအပ်ထားသည့် တာဝန်များကို စည်လုံးညီညွတ်စွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြစေလိုပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာ၍ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

## မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး

**မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး**

၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများကို “ရှေးဟောင်းအမွေအနှစ်များဖြင့် အနာဂတ်ကာလများကို ပုံဖော်ရာတွင်

ယဉ်ကျေးမှုအမွေအနှစ်များအား တာဝန်သိစွာဖြင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခြင်း” ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ၌ ကျင်းပလျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။




၂၀၂၄ ခုနှစ် နိုင်ငံတကာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့်ဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေးပြီး ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ဇမ်ဘီယာနိုင်ငံတို့က “ဒေသခံများ၏ အနာဂတ်များအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း (Sustainable Tourism for Community's Future)” ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံကိုယ်စား အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများတွင် ယဉ်ကျေးမှု အခြေခံ ခရီးသွားလုပ်ငန်းများနှင့် အခြားသော ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဖော်ဆောင်နေမှု၊ မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်း မူဝါဒ၊ အများပြည်သူ ပူးပေါင်းပါဝင်မှုရှိသော ခရီးသွားလုပ်ငန်း မူဝါဒများနှင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစီမံခန့်ခွဲရေးဆွဲဆောင်ရွက်ခဲ့မှု၊ ပုဂံကဲ့သို့ ယဉ်ကျေးမှုအမွေများတွင် ခရီးသွားလုပ်ငန်းမှ ဒေသခံပြည်သူများအား အထောက်အကူပြုနိုင်မှုနှင့် အဆိုပါခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် ဒေသခံများ၏ အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဗွီဒီယိုကို ပြသသည်။

အဆိုပါ ၂၀၂၄ ခုနှစ် နိုင်ငံတကာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုပြပွဲနှင့် ဆွေးနွေးပွဲများသို့ ပြည်တွင်းပြည်ပမှ ဧည့်သည် ၂၀၀၀၀ ခန့် လာရောက်လေ့လာခဲ့ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် စိတ်ဝင်စားဖွယ်ရာ ခရီးစဉ်ဒေသများအကြောင်းနှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ချိပေးနိုင်ခဲ့ပါသည်။

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်းပြည်နယ်ခွဲ၊ မန်စီမြို့၊ ရွှေလီမြို့နှင့် လုံချွမ်းခရိုင်မြို့များသို့ လေ့လာရေးခရီးစဉ်သွားရောက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့အကြား အပြန်အလှန်ကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်နှင့် လက်တွေ့ကျသော ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ တရုတ် နိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်းပြည်နယ်ခွဲ၊ မန်စီမြို့၊ ရွှေလီမြို့နှင့် လုံချွမ်းခရိုင်မြို့များသို့ (၂၂-၁၀-၂၀၂၄)ရက်နေ့မှ (၂၆-၁၀-၂၀၂၄)ရက်နေ့အထိ လေ့လာရေးခရီးစဉ်လာရောက်ရန် ရွှေလီနိုင်ငံတော် အလေးပေးစီးပွားရေးတံခါးဖွင့် စမ်းသပ်ရေး အထူးဇုန်အုပ်ချုပ်ရေးကော်မတီ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက် ရေးရုံးမှ ဖိတ်ကြားခဲ့ရာ အဆိုပါလေ့လာရေးခရီးစဉ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သည့် ဝန်ကြီးဌာနမှ ကိုယ်စားလှယ်(၅)ဦးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်(၅)ဦးတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စုစုပေါင်း (၁၀)ဦး သွားရောက်ခဲ့ပါသည်။



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၂-၁၀-၂၀၂၄)ရက်နေ့ ညနေပိုင်းတွင် တယ်ဟုန်း ပြည်နယ်ခွဲ၊ မန်စီမြို့သို့ ရောက်ရှိရာ တယ်ဟုန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Chaoqi နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ရွှေလီမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပါသည်။ (၂၃-၁၀-၂၀၂၄)ရက်နေ့ နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရွှေလီမြို့အနီးရှိ မြန်မာနိုင်ငံနှင့် ရွာချင်းဆက်စပ်လျက်ရှိသည့် နှစ်ပြည်တစ်ရွာ ရင်ကျင်ကျေးရွာနှင့် ရွှေလီနယ်စပ်ကျေးရွာ ဟန်သာရှခင်းဇုန်သို့ သွားရောက်လေ့လာပြီးနောက် မွန်းလွဲပိုင်းတွင် ရွှေလီဂိတ်စခန်း၊ ကျယ်ဂေါင် ကျောက်စိမ်းမြို့တော်၊ ရွှေလီ Tourism Walking Street (ကျောက်မျက်ဈေးလမ်း)များသို့ သွားရောက်လေ့လာခဲ့ပါသည်။ (၂၄-၁၀-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဝမ်တိန်မြို့ သို့ သွားရောက်ကာ ဝမ်တိန်မြို့ရှိ တရုတ်အဝေးရောက်တပ် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတွင် ခုခံတိုက်ခိုက်ရေး စစ်အထိမ်းအမှတ်ပြတိုက်နှင့် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့က မြန်မာဝန်ကြီးချုပ် ဦးဗဆွေနှင့် တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းတို့ တည်းခိုနေထိုင်ခဲ့သည့် အဆောက်အဦသို့ သွားရောက်လေ့လာခဲ့ပါသည်။ မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လုံချွမ်းခရိုင်သို့ သွားရောက်ကာ အပန်းဖြေစခန်း၊ လုံအမ်းကျေးလက်ခရီးသွားလုပ်ငန်း စံပြဇုန်နှင့် လုံချွမ်းလေဆိပ်သို့ သွားရောက်လေ့လာခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၅-၁၀-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် မန်စီမြို့သို့ သွားရောက်ကာ မုံပါနာစီ အံ့ဖွယ်ရတနာဥယျာဉ်နှင့် Dehong Teacher's College သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး မွန်းလွဲပိုင်းတွင် မန်စီမြို့ ရွှေစေတီတော်နှင့် ငွေစေတီတော်သို့ သွားရောက်ဖူးမျှော်ခဲ့ပါသည်။ (၂၆-၁၀-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ၁၉၅၆ ခုနှစ်က စိုက်ပျိုးခဲ့သည့် တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်ပင်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး၊ မန်စီမြို့ကို ရေဖြန့်ဝေပေးလျက်ရှိသော ရေပေးဝေရေးနေရာသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ မွန်းလွဲပိုင်းတွင် ညွှန်ကြား

ရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တယ်ဟုန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေး Mr. Dong Qiran နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ တယ်ဟုန်းပြည်နယ်ခွဲနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအကြား ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များဖလှယ်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့် နယ်စပ်ဒေသခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရ/ ပုဂ္ဂလိကအချင်းချင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆-၁၀-၂၀၂၄) ရက်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၁-၁၀-၂၀၂၄ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၂၃၀၈၆)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၁၀-၂၀၂၄)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၁၀-၂၀၂၄) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၉၉(လုံး) |
| | | ၈၇၇၁၄(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၇(လုံး) |
| | | ၁၃၇၆၂(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၄၂(လုံး) |
| | | ၁၀၁၄၇၆(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၈၂၀(ခု) |
| | (ခ ) ပြည်ပ | ၉၆၂(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၇၉(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၆၂(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၁၇(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၂ ဇန်နဝါရီလမှ အောက်တိုဘာလထိ | ၂၀၂၃ ဇန်နဝါရီလမှ အောက်တိုဘာလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၂၉၉၁၃ | ၂၂၉၂၅၃ | (-)၃၆၈ | (+)၀% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၄၆၁ | ၄၅၇ | (-)၄ | (-)၁% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၁၁၁၂၃ | ၇၃၀ | (-)၁၀၃၉၃ | (+)၉၃% |
| | **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | **၂၄၁၂၀၅** | **၂၃၀၄၄၀** | **(-)၁၀၇၆၅** | **(-)၄%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၇၈၄၂၉၈ | ၆၆၈၅၃၁ | (-)၁၁၅၇၆၇ | (-)၁၅% |
| | **စုစုပေါင်း** | **၁၀၂၅၅၀၃** | **၈၉၈၉၇၁** | (-)၁၂၆၅၃၂ | **(-)၁၂%** |

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် “Enchanting Myanmar Health and Safety Protocol” အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၃၀-၁၀-၂၀၂၄ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၆၈)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ်(၅၀၉)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၅၀၉)လုံးအနက် (၄၈၆)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်း စစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း (၃၁-၁၀-၂၀၂၃၄)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၁၀၁ | ၁၀၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၃ | ၂၆၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၅၉၄ | ၄၄၄ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၁၀၄ | ၉၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၅ | ၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၄ | ၅၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅ | ၁၀၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆၀ | ၆၀ |
| ၉ | ကချင်ပြည်နယ် | ၈၅ | ၄၆ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁ | ကရင်ပြည်နယ် | ၆၀ | ၆၀ |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃ | မွန်ပြည်နယ် | ၉၁ | ၈၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၉၁ |
| ၁၅ | ရှမ်းပြည်နယ် | ၄၅၂ | ၃၈၈ |
| | **စုစုပေါင်း** | **၂၄၄၂** | **၁၈၈၄** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၁၀-၂၀၂၄)ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ် ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များအနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများ စာရင်း | လျှောက်ထားမှုရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၈ | ၅၁ | ၅၀ | ၁ | ၇ | ၁၀၁ | **၅၇** |
| ၂ | မန္တလေး | ၅၉ | ၄၄ | ၃၇ | ၇ | ၁၅ | ၅၉၄ | **၁၀** |
| ၃ | ရန်ကုန် | ၇၆ | ၇၂ | ၇၁ | ၁ | ၄ | ၄၉၃ | **၁၅** |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၄ | **၁၁** |
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၂၂ | ၀ | ၂ | ၆၅ | **၃၇** |
| ၆ | တနင်္သာရီ | ၂၆ | ၂၃ | ၂၃ | ၀ | ၃ | ၆၄ | **၄၁** |
| ၇ | ဧရာဝတီ | ၂၂ | ၁၉ | ၁၉ | ၀ | ၃ | ၁၂၅ | **၁၈** |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၆၀ | **၃၀** |
| ၉ | ကချင် | ၃ | ၃ | ၀ | ၃ | ၀ | ၈၅ | **၄** |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | **၀** |
| ၁၁ | ကရင် | ၄၅ | ၄၅ | ၄၂ | ၃ | ၀ | ၆၀ | **၇၅** |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | **၀** |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | **၁၅** |
| ၁၄ | ရှမ်း | ၁၇၅ | ၁၅၉ | ၁၅၄ | ၅ | ၁၆ | ၄၅၂ | **၃၉** |
| ၁၅ | မွန် | ၃၆ | ၃၀ | ၂၉ | ၁ | ၆ | ၉၁ | **၄၀** |
| စုစုပေါင်း | | **၅၆၈** | **၅၀၉** | **၄၈၆** | **၂၃** | **၅၉** | **၂၄၄၂** | **၂၃** |

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်နေမှုများ

**ဘာသာစကားသင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပ ဧည့်သည်များအား ဟိုတယ်များမှ ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို မော်လမြိုင်မြို့၊ မကွေးမြို့၊ ငွေဆောင်မြို့၊ စစ်ကိုင်းမြို့ စုစုပေါင်းသင်တန်း (၆) ကြိမ်ကို သင်တန်းသား (၃၁၂) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

မော်လမြိုင်မြို့တွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ သင်တန်းကို ၂၁-၁၀-၂၀၂၄ ရက်နေ့မှ ၃၁-၁၀-၂၀၂၄ ရက်နေ့အထိ သင်တန်းသား (၂၅)ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေများဖြင့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် "မုန့်ဖုတ်နည်းသင်တန်းများ ဖွင့်လှစ်ခြင်းစီမံကိန်း- The Establishment of Bakery & Pastry Training Project" ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ (၂) နှစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)တွင် မုန့်ဖုတ်နည်းသင်တန်းများကို ဩဂုတ်လမှစတင်၍ အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်ပို့ချလျက်ရှိရာ မုန့်ဖုတ်နည်းအခြေခံသင်တန်း အမှတ်စဉ် (၁)မှ (၁၀) အား ၁၆-၉-၂၀၂၄ အထိလည်းကောင်း၊ မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ် (၁)မှ (၄)အား ၂၂-၇-၂၀၂၄ အထိလည်းကောင်း၊ အမှတ်စဉ် (၅) ကို သင်တန်းသား ၂၀ ဦးဖြင့် ၃၁-၁၀-၂၀၂၄ အထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)**

**"Center for Tourism Development (Keng Tung)" စီမံကိန်း**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၃) ဖြင့် "ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဗဟိုဌာနတည်ဆောက်ရေးစီမံကိန်း – Center for Tourism Development (Keng Tung)" ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအထိ (၂) နှစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် ကျိုင်းတုံမြို့တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသင်တန်းကျောင်း (၃၀' × ၈၀' × ၂ ထပ် RC) ကို ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ လက်ရှိတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ (၁၀၀%) ကို ဆောင်ရွက်ပြီးဖြစ်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ (၈၇%) ကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

**"Making Tourism more Sustainable on Cultural Heritage Destinations in Post Pandemic" စီမံကိန်း**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၃) ဖြင့် "ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး စီမံကိန်း Making Tourism more Sustainable on Cultural Heritage Destinations in Post Pandemic Project" ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ (၁) နှစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ၂၃-၈-၂၀၂၄ ရက်နေ့မှ ၂၄-၈-၂၀၂၄ ရက်နေ့အထိ "Making Tourism more Sustainable on Cultural Heritage Destinations in Post Pandemic"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ (၁) ကြိမ်ကိုလည်းကောင်း၊ ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၉-၈-၂၀၂၄ ရက်နေ့အထိ သင်တန်း (၁) ကြိမ်ကိုလည်းကောင်း ပုဂံမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ တစ်နိုင်ငံလျှင် ခရီးသွားလာရေးဝန်ကြီးဌာနမှ (၂) ဦး၊ ပုဂ္ဂလိကကဏ္ဍမှ (၁) ဦး၊ ယဉ်ကျေးမှုကဏ္ဍမှ (၁) ဦး၊ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများမှ (၁) ဦး စုစုပေါင်း (၅) ဦးစီဖြင့် ကိုယ်စားလှယ် (၂၅) ဦးနှင့် ဒေသတွင်းနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် (၆) ဦးနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၁၀) ဦး စုစုပေါင်း (၄၁) ဦးကို ဖိတ်ကြားဆောင်ရွက်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**(၁၈) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲ (The 18th International Travel Expo Ho Chi Minh City – ITE HCMC 2024) သို့ ခရီးသွားပြခန်း ပါဝင်ပြသခြင်း**




ဗီယက်နမ်နိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းပြည်သူ့ကော်မတီက ကြီးမှူး၍ Saigon Exhibition & Convention Center (SECC) ၌ ၅-၉-၂၀၂၄ ရက်နေ့မှ ၇-၉-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၁၈) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာ ခရီးသွားပြပွဲ (The 18th International Travel Expo Ho Chi Minh City – ITE HCMC 2024) သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းပါဝင်ပြသခဲ့ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### နေပြည်တော်ကောင်စီ

၁-၈-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာနိုင်ရေး၊ ခရီးစဉ်နေရာများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေပြည်တော်ဒေသဆိုင်

ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင် (၂)၊ ဦးဇေယျာလင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးရဲမြင့်ကျော်နှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များလိုက်ပါ၍ နေပြည်တော်ရှိ PNPT Sport Farm နှင့် လေ့ခွင်းတောင် ခရီးစဉ်နေရာများသို့ သွားရောက်ကာ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေများ၊ အမှိုက်စွန့်ပစ်မှုများ စနစ်တကျရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆွဲဆောင်မှုရှိသည့် ခရီးစဉ်နေရာများ ဖြစ်ပေါ်လာစေရေးအတွက် Public၊ Private၊ Partnership တို့မှ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။




၂၈-၈-၂၀၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် နေပြည်တော်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာသန်းဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ရှိ MSME လုပ်ငန်းများ၊ ခရီးစဉ်နေရာများ၊ One Tourist One Tree အစီအစဉ်ဖြင့် စိုက်ပျိုးမည့် ပျိုးခြံနှင့် မြေနေရာများ၊ ဟိုတယ်နှင့် အိပ်ခန်းဆောင်များ ပြင်ဆင်ထားရှိမှုအခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ဥတ္တရသီရိမြို့နယ်တွင် MSME လုပ်ငန်း လုပ်ကိုင်နေသော Sky Fruit အအေးနှင့် ယိုစုံလုပ်ငန်းသို့ ရောက်ရှိခဲ့ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအတွက် Digital Platform မှတဆင့် ရောင်းချနိုင်ရေးဆောင်ရွက်သွားရန် ပြောကြားခဲ့ပါသည်။



နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား- တောင်ညို ကားလမ်းဘေးရှိ မင်္ဂလာကန်သို့ သွားရောက်၍ ကန်ပတ်လမ်းတစ်လျှောက် သာယာလှပရေးအတွက် မြေယာရှုခင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် မင်္ဂလာကန်သို့ အပန်းဖြေလာရောက်ကြသည့် အများပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် (၁၈'x ၁၆'x ၁၁') ရှိ အများသုံးသန့်စင်ခန်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က အပန်းဖြေလာရောက်သူများ အပူဒဏ်မှ ကာကွယ်နိုင်ရန်အတွက် အရိပ်ရပင်များ ထပ်တိုးစိုက်ပျိုးရန်နှင့် မင်္ဂလာကန်၏ ရေပြင်အား အမြဲကြည်လင်သန့်ရှင်းစေရန်အတွက် အမှိုက်သရိုက်များကို အထူးဂရုပြုရှင်းလင်းရန်တို့ကို မှာကြားခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း(၃)မျိုးဖွင့်လှစ်ခြင်းအခမ်းအနား**



၁၂-၈-၂၀၂၄ ရက်နေ့တွင် မကွေးမြို့၊ ဝင်းဟိုတယ်၌ ၁၂.၈.၂၀၂၄ ရက်နေ့ မှ ၁-၉-၂၀၂၄ ရက်နေ့ထိ သင်ကြားပို့ချမည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်း(၃)မျိုး ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကြီးမှ တက်ရောက်အဖွင့်အမှာစကားပြောကြားရာ အဆိုပါသင်တန်းသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များ၊ သင်တန်းသား /သင်တန်းသူများ စုစုပေါင်း(၉၅)ဦး တက်ရောက်ခဲ့ပါသည်။


**ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ (DMO)အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပခြင်း**




မကွေးတိုင်းဒေသကြီး၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ (DMO) များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆-၈-၂၀၂၄ ရက်နေ့၊ နံနက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာနရုံးတွင် Online Vartual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ထူထောင်ထားတဲ့ စံပြကျေးရွာများအနက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအလားအလာရှိတဲ့ ကျေးရွာများကို လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ဖော်ဆောင်နိုင်ရေး ခရီးစဉ်ဒေသသန့်ရှင်း သာယာလှပရေး၊ ဘုရားစေတီပုထိုးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အများပြည်သူသုံး Public Toilet များ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ရေး၊ ခရီးစဉ်ဒေသများ ဖော်ထုတ်ရေး၊ GLMS စနစ်အပြည့်အဝအသုံးချရေး၊ (၁၂) လရာသီ

ပွဲတော်များနှင့် ညစျေးများ စီစဉ်ဖွင့်လှစ်ဆောင်ရွက်ရေး စသည်တို့ ကို ကော်မတီဝင်များအနေနဲ့ အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပါသည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ Outsourcing သင်တန်း**



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနတို့ပူးပေါင်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ Outsourcingသင်တန်းကို ၁၂-၁၀-၂၀၂၄၊ ၁၄-၁၀-၂၀၂၄ နှင့် ၁၅-၁၀-၂၀၂၄ ရက်နေ့တို့တွင် ဟိုတယ်၊ တည်းခိုရိပ်သာ (မိုတယ်) များမှ ဝန်ထမ်းများအား Online စနစ် ဖြင့် သင်ကြားပို့ချခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မင်္ဂလာအဖြာဖြာ ဆုံဆည်းရာ လက်ဖက်ရည်ကြမ်း အနုပညာဖွင့်ပွဲ အခမ်းအနားတက်ရောက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဩဂုတ် ၉ ရက်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည့် မင်္ဂလာအဖြာဖြာဆုံဆည်းရာ လက်ဖက်ရည်ကြမ်းအနုပညာ (Tea for Harmony Yaji Cultural Salon) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Wang Jiaghong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing က အမှာ စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး က ၂၀၂၂ ခုနှစ်တွင် “တရုတ်ရိုးရာ လက်ဖက်ခြောက်ပြုလုပ်ခြင်း နည်းပညာနှင့် ဆက်စပ်လူမှုရေးအလေ့အထ ဓလေ့ထုံးတမ်းများ” ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရပြီး ကမ္ဘာတစ်ဝန်းတွင် လက်ဖက်ရည်ကြမ်းယဉ်ကျေးမှုသည် လူအများစိတ်ဝင်စားမှုရရှိခဲ့သည်ကို သိရှိရပါကြောင်း။

အလားတူ မြန်မာနိုင်ငံတွင်လည်း လက်ဖက်အစို၊ လက်ဖက်အခြောက်များကို အသုံးပြုသည့် လက်ဖက်ရည်ကြမ်းသောက်သုံးခြင်း၊ လက်ဖက်သုပ်စားခြင်း စသည့် အလေ့အထများရှိသည့်အတွက် တူညီသည့် ယဉ်ကျေးမှုများရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် မောင်းနှင်အားတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူများအတွက် ထိရောက်ပြီး အပြန်အလှန် အကျိုးရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Wang Jiaghong က အမှာစကားပြောကြားပြီး ယူနန်ပြည်နယ်သီချင်းများ၊ ရိုးရာဝတ်စုံများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာ့ရိုးရာသီချင်း၊ ရုပ်သေးအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် ယူနန်ပြည်နယ် ခရီးသွားမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ခင်းကျင်းပြသထားသည့် ယူနန်ပြည်နယ်ဒေသထွက်ကုန်များနှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းရှီးပြည်နယ်၊ ချန်ကျိုမြို့၌ ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ်၊ အာဆီယံ-တရုတ် ရက်သတ္တပတ် (ASEAN-China Week-ACW 2024) သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ၊ ချန်ကျိုမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားကြသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား လွှင့်တင်ထားရှိသော Social Media Links များ

www.tourism.gov.mm,
www.toursminmyanmar.com.mm

https://www.facebook.com/tourisminmyanmar.com.mm/
https://www.facebook.com/visitmyanmar.mm

https://www.youtube.com/channel/UCYYysRno81dDb7Tyhxz3OEQ

https://www.instagram.com/tourisminmyanmar.com.mm/

https://twitter.com/VisitMyanmar_MM

https://www.pinterest.com/tourisminmyanmar/

https://t.me/mohttourism